## သိရှိရမည့် အရေးကြီးအစစာလုံးများ

သိရှိရမည့် အရေးကြီးအစစာလုံး

**DD**

ခန္ဓာကိုယ်ကြီးထွားချိန်ကျန်းမာရေးပြဿနာများဌာန

**DDD**

နီဘရာစကာကျန်းမာရေးနှင့်လူသားဝန်ဆောင်မှုဌာန၊

ခန္ဓာကိုယ်ကြီးထွားချိန်ကျန်းမာရေးပြဿနာများဌာန

**HCBS**

အိမ်နှင့်လူမှုဝန်းကျင်အခြေပြုဝန်ဆောင်မှုများ

**SC**

ဝန်ဆောင်မှုညှိနှိုင်းဆောင်ရွက်ခြင်း

**VR**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် ပြန်လည်ထူထောင်ခြင်း

## အရည်အချင်းပြည့်မီရန်အတွက် အကူအညီပေးနိုင်သည့် ဆက်သွယ်ရမည့်သူများနှင့် ဝန်ဆောင်မှုများ

**အခမဲ့ခေါ်ဆိုပါ**
(877) 667-6266

**DD ကိုလျှောက်ထားခြင်းနှင့် ရယူရန်အရည်အချင်းပြည့်မီခြင်း**
လျှောက်ထားခြင်းနှင့် ရယူရန်အရည်အချင်းပြည့်မီခြင်းအတွက် သိလိုသည်များရှိပါက - DHHS.DDeligibility@nebraska.gov တွင်ကြည့်ပါ

**DD မှတ်တမ်းစာရင်း**
ဝန်ဆောင်မှုစောင့်ဆိုင်းခြင်းအတွက် သိလိုသည်များရှိပါက - DHHS.DDRegistry@nebraska.gov တွင်ကြည့်ပါ

**လူထုအခြေပြုဝန်ဆောင်မှုများနှင့်ပတ်သက်သော အထွေထွေမေးခွန်းများ**
လူထုအခြေပြုဝန်ဆောင်မှုများနှင့်ပတ်သက်သော အခြားအထွေထွေမေးခွန်းများအတွက် DHHS.DDDCommunityBasedServices @nebraska.gov တွင်ကြည့်ပါ

**DHHS**
**ခန္ဓာကိုယ်ကြီးထွားချိန်ကျန်းမာရေးပြဿနာများဌာန**

Nebraska State Office Building 301 Centennial Mall South
PO Box 98947
Lincoln, NE 68509-8947

ဖုန်း - (877) 667-6266
အီးမေးလ် dhhs.dddcommunitybasedservices@nebrsaka.gov

# ခန္ဓာကိုယ်ကြီးထွားချိန်မသန်စွမ်းမှုများ (DD) ထောက်ပံ့ရေးအစီအစဉ်များ

# ဝန်ဆောင်မှုရယူနိုင်ရန် အရည်အချင်းပြည့်မီခြင်း

NEBRASKA

Good Life. Great Mission.

**DEPT. OF HEALTH AND HUMAN SERVICES**

*“လူသားများ ပိုမိုကောင်းမွန်သောဘဝကို ရှင်သန်နိုင်ရေးအတွက် ကူညီပေးခြင်း”*

ပြန်လည်သုံးသပ်ခြင်း ဖေဖော်ဝါရီလ 2022

## ခန္ဓာကိုယ်ကြီးထွားချိန်မသန်စွမ်းမှုမှာ အဘယ်နည်း။

ခန္ဓာကိုယ်ကြီးထွားချိန်ကျန်းမာရေးပြဿနာတစ်မျိုးကို ပြည်နယ်ဥပဒေတွင် Nebraska Revised Statute 83-1205 ဟုအဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ခန္ဓာကိုယ်ကြီးထွားချိန်ကျန်းမာရေးပြဿနာတစ်ခုသည် စိတ်ရောဂါမဟုတ်သည့် ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာမသန်စွမ်းမှုပါဝင်သော ကာလရှည်ပြင်းထန်သည့်မသန်စွမ်းမှုတစ်မျိုးဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်ကို ရောဂါစမ်းသပ်ရှာဖွေသည့်အခါ ရောဂါတွေ့ရှိရပါမည်။

မသန်စွမ်းမှုသည် စိတ်ပိုင်း (သို့) ခန္ဓာပိုင်းချို့ယွင်းမှုဖြစ်ပေါ်စေပြီး ၎င်းသည်စိတ်ပိုင်းဆိုင်ရာဆိုးဆိုးရွားရွားထိခိုက်မှု သို့မဟုတ် ကြာရှည်စွာစိတ်ရောဂါခံစားရမှုကြောင့် လုံးလုံးဖြစ်ပေါ်သည်မဟုတ်ပါ။ မသန်စွမ်းမှုတစ်ခုသည် ၎င်းပုဂ္ဂိုလ်အသက် 22 နှစ်မပြည့်မီခန္ဓာကိုယ်ကြီးထွားချိန်တွင်ဖြစ်ပေါ်ရမည်ဖြစ်ပါသည်။ ၎င်းသည် ထိုပုဂ္ဂိုလ်၏ဘဝတလျှောက်လုံး ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ပါသည်။ ၎င်းမသန်စွမ်းမှုကြောင့် အောက်ပါလိုက်လျောညီထွေလုပ်ဆောင်မှုနယ်ပယ်များတွင် လုပ်နိုင်စွမ်းကန့်သတ်ချက်များဖြစ်ပေါ်မည်ဖြစ်ပါသည်။

- **တွေးတောဆင်ခြင်မှုဆိုင်ရာ ကျွမ်းကျင်မှု** - ဘာသာစကား၊ စာတတ်မြောက်ခြင်း၊ ငွေကြေး၊ အချိန်၊ နံပါတ်နှင့် မိမိကိုယ်ကိုထိန်းကျောင်းခြင်း။
- **လူမှုပေါင်းသင်းဆက်ဆံခြင်းဆိုင်ရာ ကျွမ်းကျင်မှု** - ပေါင်းသင်းဆက်ဆံမှုစွမ်းရည်၊ လူမှုဆက်ဆံရေးတာဝန်ယူနိုင်မှု၊ မိမိကိုယ်ကိုကျေနပ်ခြင်း၊ အယုံလွယ်ခြင်း၊ သံသယကြီးခြင်း၊ လူမှုပြဿနာဖြေရှင်းခြင်းနှင့် ဥပဒေညွှန်ကြားချက်များကိုလိုက်နာခြင်းနှင့် နစ်နာသူဖြစ်စေခြင်းမှရှောင်ကြဉ်ခြင်း။
- **လက်တွေ့ကျွမ်းကျင်မှုများ**- နေ့စဉ်လှုပ်ရှားဆောင်ရွက်မှုများ၊ တကိုယ်ရည်ဂရုပြုခြင်း၊ လုပ်ငန်းပိုင်းကျွမ်းကျင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လှုပ်ရှားခြင်းနှင့် အမှီအခိုကင်းစွာနေနိုင်စွမ်း။

ထိုသူသည် တစ်သက်တာနှင့် လူတစ်ဦးစီအတွက်စီမံကာညှိနှိုင်းဆောင်ရွက်သော အထူးပံ့ပိုးမှုနှင့်အကူအညီ လိုအပ်ရမည်ဖြစ်ပြီး

မွေးဖွားချိန်မှစ၍ ကိုးလအရွယ်အတွင်းကလေးတစ်ဦးကို ရှာဖွေတွေ့ရှိသောရောဂါနှင့် ကြီးထွားမှုနောက်ကျခြင်းအပေါ်မူတည်၍ စစ်ဆေးမှုပြုပါသည်။ DDD သည်အသက်ကိုးနှစ်နောက်ပိုင်း ကျန်းမာရေးချို့ယွင်းမှုများကိုလည်း ကြည့်ရှုပါသည်။

## မည်သူသည် အရည်အချင်းပြည့်မီပါသနည်း။

ခန္ဓာကိုယ်ကြီးထွားချိန်ကျန်းမာရေးပြဿနာဝန်ဆောင်မှုများကို Medicaid အိမ်နှင့်လူထုအခြေပြုဝန်ဆောင်မှု (HCBS) Waivers မှတဆင့် ပေးအပ်ပါသည်။

လူတစ်ဦးသည် -

- အမေရိကန်ပြည်ထောင်စုနိုင်ငံသားတစ်ဦးဖြစ်ရမည် သို့မဟုတ် ပြည်ထောင်စုလူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားဥပဒေအောက်တွင် အရည်အချင်းပြည့်မီကာ အမေရိကန်နိုင်ငံတွင် ဥပဒေနှင့်အညီနေထိုင်ရမည်၊
- နီဘရာစကာပြည်နယ်တွင် နေထိုင်သူဖြစ်ရမည်၊
- နီဘရာစကာ Medicaid ကိုရယူရန် အရည်အချင်းပြည့်မီရမည်၊
- Nebraska Revised Statute 83- 1205 တွင်ဖော်ပြထားသည့်အတိုင်း ခန္ဓာကိုယ်ကြီးထွားချိန်ကျန်းမာရေးပြဿနာတစ်ခုရှိရမည်၊
- ခန္ဓာကိုယ်ကြီးထွားချိန်ကျန်းမာရေးပြဿနာများရှိသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဌာန (ICF/IID) တွင်နေထိုင်ရန် စောင့်ရှောက်မှုအဆင့်နှင့် ပြည့်မီရမည်။

လူတစ်ဦးသည် ဆေးရုံတွင်နေထိုင်မည့်အစား Medicaid HCBS Waiver ဝန်ဆောင်မှုများကို ရွေးချယ်ရပါမည်။

## အခြားအကျိုးခံစားခွင့်များနှင့် ဝန်ဆောင်မှုများ

ခန္ဓာကိုယ်ကြီးထွားချိန်ကျန်းမာရေးပြဿနာဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီသောလူတိုင်းသည် ၎င်းတို့အရည်အချင်းပြည့်မီကောင်း ပြည့်မီမည်ဖြစ်သော ပြည်ထောင်စု Medicaid အကျိုးခံစားခွင့်များ**နှင့်** အခြားသောလူူဒါန်းမှုရင်းမြစ်များကို **လျှောက်ထားပြီး လက်ခံရပါမည်။** ဖြစ်နိုင်ခြေရှိသောရင်းမြစ်များတွင် DHHS နှင့်အခြားအေဂျင်စီများပါဝင်ပါသည်။ အခြားသောအကျိုးခံစားခွင့်များကို တတ်နိုင်သမျှ အများဆုံးအတိုင်းအတာအထိ အသုံးပြုရပါမည်။

၎င်းတွင် ပညာရေးဌာန၊ အတိအကျဆိုရသော် အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများနှင့် နီဘရာစကာ VR တို့ပါဝင်ပါသည်။

## ဝန်ဆောင်မှုညှိနှိုင်းဆောင်ရွက်ခြင်း

ဝန်ဆောင်မှုညှိနှိုင်းဆောင်ရွက်ခြင်းကို လိုအပ်ချက်ပြည့်စုံသည့်အခါ အရည်အချင်းပြည့်မီသောသူများကို ပေးအပ်နိုင်ပါသည်။

- သင့်ထံတွင် Medicaid ရှိသည့်အခါ ၎င်းတို့သည် ထိုဝန်ဆောင်မှုအတွက် ကုန်ကျစရိတ်ကိုပေးပါသည်။
- သင့်ထံတွင် Medicaid မရှိသည့်အခါ ကုန်ကျစရိတ်ကို သင်ကပေးချေရမည်ဖြစ်ပါသည်။

ဝန်ဆောင်မှုညှိနှိုင်းရေးမှူးတစ်ဦးကို သင်တောင်းဆိုပါက တစ်ဦးကိုရရှိပါမည်။ ထောက်ပံ့ရေးဝန်ဆောင်မှုများကိုရရှိသည့်အခါ အကြောင်းအရာစီမံခြင်းနှင့် သင့်ဝန်ဆောင်မှုများကို ညှိနှိုင်းကာကြီးကြပ်ပေးရန် သင့်ထံတွင် ဝန်ဆောင်မှုညှိနှိုင်းရေးမှူး (SC) တစ်ဦးရှိရပါမည်။

## လျှောက်ထားရမည့်နည်းလမ်း

ဝန်ဆောင်မှုရယူရန် အရည်အချင်းပြည့်မီမှုကိုဆုံးဖြတ်ရန်အတွက် DDD ထံသို့ လျှောက်လွှာတစ်စောင်တင်သွင်းပါ။ လျှောက်လွှာကို www.ACCESSNebraska.ne.gov တွင်ရရှိနိုင်ပါသည်။ လျှောက်လွှာကို အီလက်ထရွန်းနစ်နည်းလမ်းဖြင့်သာ ဖြည့်ပါ။
HCBS ပံ့ပိုးမှုအစီအစဉ်များအတွက် အရည်အချင်းပြည့်မီမှုကိုဆုံးဖြတ်ရန် စာလျှောက်လွှာတစ်စောင်ကိုလည်း ဖြည့်သွင်းနိုင်ပါသည်။ လျှောက်လွှာစာရွက်ကို http://public-dhhs.ne.gov/Forms/DisplayPDF.aspx? item=3443 တွင်ရယူနိုင်ပါသည်။

လျှောက်လွှာကို ဖြည့်သွင်း၍ ပုံနှိပ်ထုတ်ကာ လက်မှတ်ထိုးပြီး အောက်ပါလိပ်စာသို့ စာတိုက်မှပို့ဆောင်ပေးပါ -

DDD Eligibility PO Box
98947
Lincoln NE 68509-8947

သို့မဟုတ် စကင်ဖတ်ကာ အောက်ပါအီးမေးလ်လိပ်စာသို့ ပို့ပေးပါ -
DHHS.DDeligibility@nebraska.gov
မေးလိုသည်များရှိပါက သို့မဟုတ် လျှောက်လွှာကို သင့်ထံသို့ပို့ဆောင်ပေးစေလို့ပါက DDD သို့အခမဲ့ဖုန်းနံပါတ် (877) 667-6266 သို့ခေါ်ဆိုပါ။

သင်သည် DHHS ရုံးတရုံးရုံးသို့သွားကာ အကူအညီတောင်းခံနိုင်ပါသည်။